ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ (၄) နှစ်ပြည့် အထိမ်းအမှတ်

# လှုပ်ရှားဆောင်ရွက်မှု အနှစ်ချုပ်

၉.၄.၂၀၂၅

# နိဒါန်း

“ဤအစီရင်ခံစာသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၄) နှစ်တာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်သူထံသို့တင်ပြသော အနှစ်ချုပ်အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ စတင်ဖွဲ့စည်းမှု၊ (၄) နှစ်တာအတွင်း နိုင်ငံရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အနှစ်ချုပ်တင်ပြထားပါသည်။”




ပုံ (၁) – ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပပြုလုပ်သော ပထမအကြိမ်ညီလာခံ

# ကရင်နီပြည်တိုင်ပင်ခံကောင်စီ (KSCC)

ကရင်နီပြည်အတိုင်ပင်ခံကောင်စီကို ပြည်နယ်အတွင်းရှိ တော်လှန်ရေးအင်အားစုများ၊ ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်အမတ်များ၊ နိုင်ငံရေးပါတီများ၊ လူငယ်၊ အရပ်ဘက်နှင့် သပိတ်အင်အားစုများ၊ အမျိုးသမီးအင်အားစုများ ကိုယ်စားလှယ်များဖြင့် ၂၀၂၁ ခုနှစ် ဧပြီလ (၉) ရက်နေ့တွင် စတင်စုဖွဲ့ခဲ့သည်။

**၂၀၂၁**

ဧပြီလ (၉) ရက်နေ့တွင် ကရင်နီပြည်အတွင်းမှ တော်လှန်ရေးအင်အားစုများ မှ ကိုယ်စားလှယ် (၃၉) ဦးနှင့် စတင်စုဖွဲ့ခဲ့သည်။

အတွင်းရေးမှူးအဖွဲ့၊ ဘဏ္ဍာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ CDM၊ လူသားချင်းစာနာထောက်ထားရေး။ နိုင်ငံတကာနှင့် မဟာမိတ်ရေးရာ စသည့်ကော်မတီများ ဖွဲ့စည်းခဲ့သည်။

Karenni State Police (KSP) ကိုစတင်ဖွဲ့စည်းခဲ့သည်။

KNDF စုဖွဲ့မှုမှ KSCC ၏ နိုင်ငံရေး လမ်းညွှန်မှုကို စတင်ခံယူခဲ့သည်။

**၂၀၂၂**

ကော်မတီအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့သည်။

ကြားကာလအစီအမံစတင်ရေးဆွဲ၊ stakeholder consultation လုပ်ပြီး ရလဒ်အပေါ်မူတည်ပြီး KSCC မှ ပဏာမ အတည်ပြုခဲ့သည်။

**၂၀၂၃**

ပထမညီလာခံတွင် ကြားကာလအစီမံကို ထပ်လောင်းအတည်ပြုပြီး ကောင်စီဝင် (၁၁) ဦးဖြင့် ပြန်လည်ဖွဲ့စည်းသည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ဥက္ကဋ္ဌနှင့်ဒု-ဥက္ကဋ္ဌကို ရွေးချယ်ခန့်အပ်ခဲ့သည်။

ကရင်နီပြည်ကားကာလ လွှတ်တော်ဖွဲ့စည်းမှုကို အတည်ပြုခဲ့သည်။

**၂၀၂၄**

ဧပြီလ (၂၁) ရက်နေ့တွင် ကောင်စီဝင် (၁၁) မှ (၁၃) ဦးအထိတိုးချဲ့ဖွဲ့စည်းခဲ့သည်။

တရားသူကြီးချုပ်နှင့် ပြည်နယ်အဆင့် တရားသူကြီးမှာခန့်အပ်ပြီး ကြားကာလတရားစီရင်ရေး မဏ္ဍိုင်ဖွဲ့စည်းမှုအား အတည်ပြုခဲ့သည်။

မူဝါဒ (၆) ခုကို ရေးဆွဲ အတည်ပြုနိုင်ခဲ့သည်။

ကရင်နီပြည်တွင်း ပထမအကြိမ်အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲအား ပြုလုပ်ခဲ့သည်။

**၂၀၂၅**

ပြည်နယ်၏ နိုင်ငံရေးဦးဆောင်မှုနှင့် မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်မှုများကို ကော်မတီ (၄) ရပ်ဖြင့် ဆက်လက်ဆောင်ရွက်နေပြီး၊ အသွင်ကူးပြောင်းရေးကာလအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

# ကရင်နီပြည် ကြားကာလအစီအမံ

ကရင်နီပြည်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ အပြင် ပညာရေး၊ ကျန်းမာရေး၊ လူသားချင်း စာနာထောက်ထားမှု၊ ကာကွယ်ရေး နှင့် လုံခြုံရေးဆိုင်ရာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံကို စနစ်တကျ အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် ကရင်နီပြည် ကြားကာလ အစီအမံကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။



ပုံ (၂) – စစ်ဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံခြင်း

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် မူကြမ်း ရေးဆွဲရေးကော်မတီကိုစတင်ဖွဲ့စည်း ခဲ့သည်။

↓

၂၀၂၂ ခုနှစ်တွင် အခန်း (၉) ခန်း၊ ပုဒ်မ (၇၇) ချက်ပါ မူကြမ်းကို အဖွဲ့ဝင် အဖွဲ့အစည်းများအကြား ဘုံသဘော တူညီမှုများ ရယူခဲ့သည်။

↓

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ပြုလုပ် သော ပထမအကြိမ်ညီလာခံတွင် အတည်ပြုခဲ့သည်။

↓

၂၀၂၄ ခုနှစ်တွင် ပြုပြင်ပြောင်း လဲလာ သော အခြေအနေနှင့် ကိုက်ညီစေရန် ပြန်လည်ပြင်ဆင်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ဒုတိယအကြိမ် ပြန်လည် အတည်ပြုသည်။



ပုံ (၃) – လူထုတွေ့ဆုံပွဲများပြုလုပ်ခြင်း



ပုံ (၄) – ပထမညီလာခံကျင်းပပြုလုပ်ခြင်း



ပုံ (၄) – ပထမအကြိမ် အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း

# မဏ္ဍိုင် (၃) ရပ် ဖွဲ့စည်းခြင်း

အတည်ပြုပြဋ္ဌာန်းထားသော ကြားကာလအစီအမံ၊ အခန်း(၂) ပါ နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ လုပ်ငန်းစဉ် (၁၀) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၄) နှစ်တာအတွင်း ဥပဒေပြုရေး (ကရင်နီပြည် ကြားကာလလွှတ်တော်)၊ အုပ်ချုပ်ရေး (ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ)၊ တရားစီရင်ရေး(ကရင်နီပြည် ကြားကာလ တရားစီရင်ရေး) စသည့်မဏ္ဍိုင်များစနစ်တကျ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက် နိုင်ခဲ့သည်။

## ဥပဒေပြုရေး

ကြားကာလအတွင်း ကရင်နီပြည်အတွက်လိုအပ်သော ဥပဒေကြမ်းများ ရေးဆွဲပြုစုခြင်း၊ ပြည်သူလူထုအား ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အားစောင့်ကြည့်ထိန်းညှိမှုပြုခြင်းများ ပြုလုပ်နိုင်ရန်ရည်ရွယ်ပြီး ကရင်နီပြည်ကြားကာလအစီအမံနှင့်အညီ ကရင်နီပြည်ကြားကာလလွှတ်တော်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်အမတ်များဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ လက်ရှိတွင် လွှတ်တော်အမတ် (၁၅) ဦးနှင့်အတူ လုပ်ငန်းကော်မတီ (၅) ခု၊ ဌာန (၄) ခုနှင့် လုပ်ငန်းများလည်ပတ်လျက်ရှိသည်။

## အုပ်ချုပ်ရေး

ကရင်နီပြည်၏ ကြားကာလအစီအမံနှင့်အညီ အုပ်ချုပ်ရေးလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျ ချမှတ်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး လက်ရှိဌာန (၁၁) ခုနှင့် မြို့နယ် (၁၇) မြို့နယ်တွင် လူထုဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည်။

## တရားစီရင်ရေး

ကရင်နီပြည်တရားစီရင်ရေးမဏ္ဍိုင်ကို ကြားကာလအတွင်း ထိခိုက်နစ်နာပျက်စီးဆုံးရှုံးသည့် ပြည်သူလူထုများ၏ အသက်အိုးအိမ်စည်းစိမ်များ၊ အခွင့်အရေးများအား ပြဋ္ဌာန်းဥပဒေနှင့်အညီ ကာကွယ်ခြင်း၊ ကုစားခြင်းအပြင် ဥပဒေပါအခွင့်အရေးများအား ရရှိစေရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် တရားစီရင်ရေးစနစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားသူကြီးများကို ခန့်အပ်နိုင်ခဲ့သည်။ လက်ရှိတွင် ပြည်နယ်တရားရုံးချုပ် (၁) ခု၊ ခရိုင်တရားရုံး (၂) ခုနှင့်၊ မြို့နယ် တရားရုံး (၈) ခု နှင့် အတူ တရားသူကြီး (၂၀) ဦးနှင့် လည်ပတ်လျက်ရှိသည်။

## အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ

ကရင်နီပြည်အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီကို ကရင်နီပြည်ကြားကာလအစီလအမံနှင့်အညီ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ကော်မတီဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

လက်ရှိတွင် အသွင်ကူးပြောင်းရေးဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ခုနှစ်တွင် ပထမမူကြမ်းကို အပြီးသတ်ရေးဆွဲရန် ပြင်ဆင်လျက်ရှိသည်။



ပုံ (၅) – ကျန်းမာရေးမူဝါဒအား ရှင်းလင်းချပြခြင်း

## မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ မူဝါဒမူကြမ်းရေးဆွဲရေးအဖွဲ့ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ကော်မတီဝင် (၅) ဦးနှင့် နည်းပညာ အထောက်အကူပြုအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။

မူဝါဒမူကြမ်း ရေးဆွဲရေးအဖွဲ့ စတင်ဖွဲ့စည်းပြီးချိန်မှစ၍ ဖော်ပြပါမူဝါဒများကို ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ဦးစားပေးလိုအပ်သောမူဝါဒများကိုလည်း ဆက်လက် ရေးဆွဲပြင်ဆင်လျက် ရှိသည်။

| အတည်ပြုပြီးမူဝါဒများ | ရေးဆွဲလျက်ရှိသောမူဝါဒများ |
|---|---|
| **လူငယ်မူဝါဒ** | လူသားချင်း စာနာထောက်ထားမှုမူဝါဒ |
| **ပညာရေးမူဝါဒ** | မူးယစ်ဆေးဝါး လျော့ချရေးမူဝါဒ |
| **ကျန်းမာရေးမူဝါဒ** | လူဝင်မှုကြီးကြပ်ရေးမူဝါဒ |
| **ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒ** | စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာမူဝါဒ |
| **ကရင်နီပြည်ဘဏ္ဍာရေးမူဝါဒ** | အခွန်မူဝါဒ |
| **ကရင်နီပြည်မြေယာမူဝါဒ** | ဒေသန္တရအုပ်ချုပ်ရေးမူဘောင် |
| | ဂျန်ဒါမူဝါဒမူဘောင် |

## နိုင်ငံတကာဆက်ဆံရေး ကော်မတီ

နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး နိုင်ငံတကာဆက်ဆံရေးကော်မတီကို ၂၀၂၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ကော်မတီဝင် (၄) ဦးဖြင့်ဖွဲ့စည်းခဲ့သည်။

လက်ရှိတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမီဒီယာများ နှင့် တွေ့ဆုံခြင်း၊ သံတမန်ရေးရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှု ကော်မတီ

ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်နယ်ပြင်ပရှိ တော်လှန်ရေးအင်အားစုများအပြင် ပြည်ထောင်စုအဆင့်ရှိ အဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံပြီး စစ်ရေး၊ နိုင်ငံရေးသဘောထားရပ်တည်ချက်များ အချင်းချင်းဖလှယ်နိုင်ရန်ရည်ရွယ်ပြီး နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုကော်မတီကို ကော်မတီဝင် (၆) ဦးဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ တွင် ဖွဲ့စည်းခဲ့သည်။

## ရှေ့လုပ်ငန်းစဉ်များ

မူဝါဒရေးဆွဲရေးနှင့် အတည်ပြုရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် အပြင် ရေးဆွဲပြီးသောမူဝါဒများအား လက်တွေ့ကျင့်သုံးရန်အတွက် နောက်ဆက်တွဲမူဝါဒရေးရာ လုပ်ငန်းများ ဆောင်ရွက်ရန်၊

မူဝါဒရေးဆွဲရေးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် လူထု၏ပူးပေါင်းပါဝင်မှုမြင့်တင်နိုင်ရန်တွက် လူထု တွေ့ဆုံဆွေးနွေးမှုများအား ဆက်လက်ပြုလုပ်ရန်၊

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကရင်နီပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်ရေးဆွဲချမှတ်ရန်နှင့် အသွင်ကူးပြောင်းရေးကာလအတွက် လိုအပ်သော ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်၊

တော်လှန်ရေးကာအတွင်း ကရင်နီပြည်၏ နိုင်ငံရေးဦးဆောင်မှုတွင် စုပေါင်းခေါင်းဆောင်မှုဖြင့် ပိုမိုအား ကောင်းအောင် ဆောင်ရွက်နိုင်ရန်အတွက်အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဆက် လက်လုပ်ဆောင်ရန်၊

ပြည်နယ်/ဖက်ဒရယ်ယူနစ်၊ လူမျိုးစု၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုနှင့် အခြားသော မဟာမိတ် အင်အားစုများနှင့် နိုင်ငံရေးဘုံသဘောတူညီချက်များ ညှိနှိုင်းဆွေးနွေးရာတွင် ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ဆောင်ရန်၊

ပြည်ထောင်စုနှင့်ပြည်နယ်အကြား နိုင်ငံရေးဘုံသဘောတူညီချက်များ ညှိနှိုင်းဆွေးနွေးရာတွင် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် စသည်တို့ဖြစ်သည်။

## နိဂုံး

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ (၄) နှစ်တာအတွင်း အထက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီအနေဖြင့် ဆက်လက်၍ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် (၃) ရပ်နှင့်အတူ အသွင်ကူးပြောင်းရေးကာလ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကာလ အတွက် မူဝါဒဆိုင်ရာ လမ်းညွှန်မှုများပေးခြင်းနှင့် နိုင်ငံရေးဦးဆောင်မှုပေးခြင်းလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ကာ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၊ အမျိုးသားညီညွတ်ရေးအစိုးရတို့နှင့် အခြားနိုင်ငံရေး/ တော်လှန်ရေးအင်အားစုများနှင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

**ပြည်နယ်အားကောင်းရေးမှသည် ပြည်ထောင်စုအားကောင်းရေးဆီသို့ ...........**

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)